# မြန်မာဒုက္ခသည် (၁,၄၀၀) ကို ဩစတြေးလျတွင် အခြေချခွင့်ပြုမည်

NEJ / ၂၇ ဇွန် ၂၀၀၆ / ၁၈း၀၀



Photo-NEJ

ဝန်ကြီး မစ္စစ်အာမန်ဒါ ဒုက္ခသည်စခန်းတွင်း ကြည့်ရှုစစ်ဆေးစဉ်

မြန်မာဒုက္ခသည် (၁,၄၀၀) ကို ဩစတြေးလျ နိုင်ငံတွင် အခြေချနေထိုင်ခွင့်ပြုမည်ဟု ဩစတြေးလျ လူဝင်မှုကြီးကြပ်ရေးနှင့် ယဉ်ကျေးမှုပေါင်းစုံရေးရာဝန်ကြီး မစ္စစ်အာမန်ဒါဗန်စတုန်းက ထိုင်း–မြန်မာနယ်စပ်ရှိ မယ်လဒုက္ခသည်စခန်းတွင် ယမန်နေ့က ပြောကြားသည်။

ဝန်ကြီးက "ကျမတို့နိုင်ငံမှာ သွားရောက်အခြေချမယ့်လူတွေဟာ ဒုက္ခသည်စခန်းမှာ မှတ်ပုံတင်ထားတဲ့လူတွေဖြစ်ရမယ်။ သံရုံးက လူတွေစစ်ဆေးမှု အောင်မြင်တဲ့သူဖြစ်ရမယ်။ လူမျိုး၊ ဘာသာမရွေးခေါ်မယ်" ဟုပြောသည်။

ယခုခေါ်ယူမည့် ဒုက္ခသည် (၁,၄၀၀) တွင် မယ်လဒုက္ခသည်စခန်းမှ (၉၀) ရာခိုင်နှုန်းပါဝင်မည်ဖြစ်ပြီး လာမည့်နှစ်များတွင်လည်း ဒုက္ခသည်များကို ဆက်လက်ခေါ်ယူသွားမည်ဖြစ်သည်။

ဩစတြေးလျဝန်ကြီးသည် မယ်လဒုက္ခသည်စခန်း တာဝန်ရှိသူများနှင့် ဒုက္ခသည်များကို လိုက်လံတွေ့ဆုံပြီး စခန်းအခြေအနေကိုလည်း လေ့လာသည်။

ဒေသအခြေစိုက်သတင်းဌာနများနှင့် တွေ့ဆုံရာ၌ သတင်းထောက်တဦးက ယခုကဲ့သို့ ဒုက္ခသည်များကို ခေါ်ယူခြင်းသည် ဩစတြေးလျ၌ အလုပ်သမားများလိုအပ်၍ ခေါ်ခြင်းလားဟု မေးမြန်းရာ ဝန်ကြီးက "အလုပ်သမားလိုလို့ ခေါ်တာမဟုတ်ပါဘူး။ လူသားချင်းစာနာလို့ ဒုက္ခသည်တွေရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဆောင်ရွက်ပေးတာဖြစ်တယ်" ဟု ပြန်လည်ဖြေကြားသည်။

ဩစတြေးလျအစိုးရက ထိုင်း–မြန်မာနယ်စပ်ရှိ မြန်မာဒုက္ခသည်စခန်း (၉) ခုအတွက် နှစ်စဉ် ဩစတြေးလျဒေါ်လာ (၅) သိန်း ပံ့ပိုးအကူအညီပေးနေသည်။

မယ်လဒုက္ခသည်စခန်း ဇုန်–စီတွင်နေထိုင်သည့် စောထွန်းစိန်က "တတိယနိုင်ငံတခုကို သွားရောက်အခြေချခွင့်ရမယ်ဆိုရင်တော့ ကံထူးရှင်ပဲ။ ဒီမှာနေရတာထက်စာရင် ကိုယ့်အတွက်ရော ကလေးတွေအတွက်ရော ရေရာတဲ့အနာဂတ်တခုကို တည်ဆောက်နိုင်မှာဖြစ်တယ်" ဟုပြောသည်။

မယ်လဒုက္ခသည်စခန်းတွင်းရှိ ဒုက္ခသည်များတွင် တတိယနိုင်ငံသို့ သွားရောက်အခြေချလိုသူများရှိသကဲ့သို့ သွားရောက်ရန် စိတ်မဝင်စားသူများလည်းရှိသည်။

မယ်လဒုက္ခသည်စခန်း ဇုန်–ဘီတွင်နေထိုင်သည့် စောလားကပေါ်က "ကျနော်တို့မိသားစုကတော့ ဘယ်နိုင်ငံကိုမှ သွားဖို့စိတ်ကူးမရှိဘူး။ ဟိုအဝေးကြီးမှာ ကိုယ့်မြေကိုယ့်ရေလည်းမဟုတ်ဘူး။ အသက်လည်းကြီးပြီ။ တော်ကြာ အိုကြီးအိုမနဲ့ ဒုက္ခရောက်နေဦးမယ်။ မြန်မာပြည်အေးချမ်းတဲ့အခါ ကိုယ့်ဇာတိမြေမှာပဲ ပြန်နေမယ်" ဟုပြောသည်။

ဩစတြေးလျနိုင်ငံသည် ယမန်နှစ်၌လည်း မြန်မာဒုက္ခသည် (၉၀၀) ကို ခေါ်ယူခဲ့ရာ မယ်လဒုက္ခသည်စခန်းမှ ဒုက္ခသည် (၃၈၀) ဦး ပါဝင်ခဲ့သည်။

မဲဆောက်မြို့မြောက်ဘက် ကီလိုမီတာ (၆၀) အကွာရှိ မယ်လဒုက္ခသည်စခန်းသည် ထိုင်း–မြန်မာနယ်စပ်ရှိ ဒုက္ခသည်စခန်း (၉) ခုအနက် အကြီးဆုံးဒုက္ခသည်စခန်းဖြစ်ပြီး နောက်ဆုံးရရှိသည့်စာရင်းအရ လူဦးရေ (၄၈,၈၁၄) ဦး နေထိုင်လျက်ရှိသည်။ ■